# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 27 , 2023 Volume 67, Number 19


၂၇.၆.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၇.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၅.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၁.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၅.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၈၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၀၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၂၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၅၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာ့ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ G to G စနစ်ဖြင့် တိုက်ရိုက်တင်ပို့နိုင်ရန် စီစဉ်နေ




မြန်မာ့ကြက်သွန်နီကို ဖိလစ်ပိုင်နိုင်ငံသို့ G to G စနစ်ဖြင့် ကုန်သည် တိုက်ရိုက်တင်ပို့နိုင်ရန်အတွက် လက်ရှိ အစိုးရနှင့် လုပ်ငန်းရှင်များမှ ဆောင်ရွက်နေကြောင်း ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံများ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းကနေ သတင်းရရှိသည်။

လက်ရှိတွင် မြန်မာကြက်သွန်နီကို ဖိလစ်ပိုင်သို့တင်ပို့မှုရှိသော်လည်း မြန်မာကုန်သည်များမှ တိုက်ရိုက်တင်ပို့နိုင်ခြင်းမဟုတ်ဘဲ တရုတ်၊ ဗီယက်နမ်နှင့်ထိုင်း ကြက်သွန်နီကုန်သည်များမှတဆင့် တင်ပို့နေရခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ဖိလစ်ပိုင်နိုင်ငံကို ကြက်သွန်နီများ တိုက်ရိုက်တင်ပို့နိုင်ရေး နှစ်နိုင်ငံဆွေးနွေးမှုများလုပ်ရန် စီစဉ်နေခြင်းဖြစ်ဟုသိရသည်။ "ဟုတ်တယ် ဖိလစ်ပိုင်ကို ကြက်သွန်နီပို့ဖို့ဆိုပြီးလုပ်နေကြတယ်၊ အစီအစဉ်က လုပ်နေကြတုန်းဆိုတော့ ဘာမှတော့ သေချာမသိရသေးဘူး"လို့ ဘုရင့်နောင်ကုန်စည်ဒိုင် တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာက မုန်တိုင်းဒဏ်ကြောင့် ကြက်သွန်နီပြတ်လပ်မှုဖြစ်နေပြီး ဈေးနှုန်းကလည်း အဆမတန်မြင့်တက်နေသောကြောင့် မြန်မာကြက်သွန်နီတင်ပို့ရန် လုပ်ဆောင်နေခြင်းဖြစ်ဟုသိရသည်။

လက်ရှိတွင် မြန်မာ့ကြက်သွန်နီကို တရုတ်၊ ထိုင်း၊ ဗီယမ်နမ်နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့နေကြောင်း၊ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပကို မြန်မာကြက်သွန်နီ တန်ချိန်တစ်သိန်း တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ "နယ်တွေမှာကတော့ ဈေးတန်းက လက်လီဆို အချောက ၂၈၀၀၊ ၃၀၀၀ ရှိတုန်းပဲ။ ၂၅ ပိဿာအိတ်လိုက်ယူရင် ဈေးကတမျိုးပေ့ါ။ လက်လီကျဈေးကတမျိုးပေ့ါ။ ကြက်သွန်တွေကတော့ နေ့တိုင်းအဝင်ရှိပါတယ်။ မိုးမိခံလို့မရဘူး။ မိုးမိရင် ပုတ်တာများပြီးရှုံးတယ်။ ဝယ်သူလည်းမရှိဘူး။ မိုးမမိတာတောင် ခုကာလမှာ ကြက်သွန်တွေက ပုတ်တာများတယ်။ ဈေးကတော့ အရမ်းကျသွားတာမျိုးမရှိဘူး"လို့ ပြည်မြို့ ကြက်သွန်နီလက်လီလက်ကားရောင်းဝယ်ရေး လုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဘုရင့်နောင်ကုန်စည်ဒိုင်ကို ဖွန်လအစမှ ယနေ့ ဖွန်လ ၂၆ ရက်နေ့အတွင်း တစ်ရက်ကို ကြက်သွန်နီကားအစီးရေ ၁၅ စီးမှ အစီး ၃၀ အထိ ဝင်ရောက်မှုရှိကြောင်း၊ ယနေ့တွင် ကားအစီးရေ ၂၇ စီးဝင်ရောက်မှု ရှိကြောင်း သိရသည်။ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်၏ ဈေးနှုန်းအနေဖြင့် ကြက်သွန်နီတစ်ပိဿာကို ၁၈၀၀ ကျပ်မှ ၂၁၅၀ ကျပ် အထိ ဈေးတန်းဖွင့်ထားပြီး ပြင်ပလက်လီဈေးကွက်တွင် တစ်ပိဿာကို ၂၈၀၀ ကျပ်အထိ ဈေးတန်းရှိနေသေးကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့် နှစ်စဉ် ဧကပေါင်းက ၁ ဒသမ ၇ သိန်းကျော်ရှိပြီး နှစ်စဉ် တန်ချိန်တစ်သန်းကျော်ထွက်ရှိကြောင်း၊ ကြက်သွန်နီကိုနှစ်စဉ် ၁၁ လပိုင်း နှင့် ၁၂ လ ပိုင်းတို့တွင် စတင်စိုက်ပျိုးကြပြီး ၄ လပိုင်းအထိ နွေကြက်သွန်များ ဈေးကွက်အတွင်းသို့ ဝင်ရောက်မှုရှိကြောင်းသိရသည်။ ၂၀၂၁ ခုနှစ်မှစပြီး မြန်မာကြက်သွန်နီဈေးနှုန်း မြင့်တက်လာခြင်းဖြစ်ပြီး ယင်းမတိုင်မီကာလတွင်မူ ကြက်သွန်နီတစ်ပိဿာကို ၈၀၀ ကျပ်သည်အများဆုံးဖြစ်ကြောင်း သိရသည်။

**Source: AMIA**

**Myanma Awba**

## ပြည်တွင်းချင်းဈေး အတက်ဘက်ဦးတည်နေ




ပြည်တွင်းဈေးကွက်အတွင်းမှာ ချင်းဈေးတွေဟာ ၂၀၂၃ ခုနှစ် အတွင်းမှာ သိသိသာသာမြင့်တက်လာခဲ့ပြီး လက်ရှိမှာ ဈေးကွက်က အတက်ဘက်ကို ဦးတည်နေတယ်လို့ မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နှင့် သီးနှံထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်း (MFVP)က ဒုတိယဥက္ကဋ္ဌ ဦးကျော်သူကပြောပါတယ်။

လက်ရှိ ပြည်တွင်းချင်းဈေးကွက်ဟာ တစ်ခါမှမကြားဘူးတဲ့ဈေးတွေဖြစ်နေတာကြောင့် တောင်သူအများစုကလည်း ချင်းကို ပိုမိုစိုက်ပျိုးလာတဲ့ အနေအထားတွေရှိတယ်လို့ဆိုပါတယ်။

ဈေးကျချိန်အခါက ချင်း တစ်ပိဿာကို ၄၅၀ ကျပ်ကနေ ၈၀၀ ကျပ်ဝန်းကျင်လောက်အထိရှိခဲ့ပြီး ၂၀၂၃ ခုနှစ်၊ နှစ်ဦးပိုင်းမှာတော့ ၁၈၅၀ ကျပ်ကနေ ၅ ထောင်လောက်အထိ ရှိခဲ့ရာကနေ အခုလက်ရှိကျပ် ၈၅၀၀ အထိမြင့် တက်လာတာဖြစ်တယ်လို့ပြောပါတယ်။

ပြည်တွင်းချင်းအစိုကို ပြည်ပပို့ကုန်အဖြစ်တင်ပို့တာဟာ ဘင်္ဂလားဒေ့ရှ်နိုင်ငံက အများဆုံးဖြစ်ပြီး အခြားနိုင်ငံတွေကို အနည်းငယ်သာတင်ပို့ရကာ ချင်းအခြောက်ကိုတော့ ဂျာမနီနိုင်ငံကို တင်ပို့နေတာရှိတယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို One News Myanmar မှကူးယူဖော်ပြပါသည်။**

**Source: [https://t.me/htwettoe](https://t.me/htwettoe)**

## ပြည်ပမှ မြေသြဇာတင်သွင်းမှုအတွက် လိုင်စင်လျှောက်ထားသည့် ကုမ္ပဏီပေါင်း ၆၀၀ နီးပါးရှိနေ




ပြည်ပမှ မြေသြဇာတင်သွင်းနိုင်ဖို့ လိုင်စင်လျှောက်ထားတဲ့ ကုမ္ပဏီပေါင်း ၅၉၀ အထိရှိနေတယ်လို့ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲမှ သိရပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြေသြဇာတင်သွင်းရန် လိုင်စင်လျှောက်ထားတာတွေကို ကုန်ခဲ့တဲ့ ၂၀၀၇ ခုနှစ်ကစတင် ထုတ်ပေးခဲ့ရာကယခု ၂၀၂၃ ခုနှစ် မတ်လ ၂၃ ရက်အထိ လိုင်စင်အစောင်ရေ ၁၀,၁၇၀ ကို ထုတ်ပေးခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

"ကျွန်မတို့အနေနဲ့ မြေသြဇာမှတ်ပုံတင်တွေ၊ လိုင်စင်တွေ၊ တင်သွင်းခွင့်ထောက်ခံချက်တွေ လျှောက်ထားမယ်ဆိုရင် Online စနစ်နဲ့ပဲဆောင်ရွက်ပါတယ်။ မှတ်ပုံတင်လျှောက်ရင် Online Registration လုပ်ရပါတယ်။ အဲဒီလို လျှောက်လာပြီဆိုရင် အချက်အလက်တွေပြည့်စုံလား၊ မပြည့်စုံဘူးလားဆိုတာကို စိစစ်ရပါတယ်။

ပြည့်စုံပြီဆိုမှ လျှောက်ထားလာတဲ့ မြေသြဇာနမူနာကို ဓာတ်ခွဲခန်းကို ပို့ဆောင်စစ်ဆေးရပါတယ်။ ဓာတ်ခွဲခန်းအဖြေအောင်တဲ့ မြေသြဇာတွေကို မြေသြဇာနည်းပညာကော်မတီမှာတင်ပြပြီး ၃ လတစ်ကြိမ် ဆွေးနွေးပြီးမှ ဒုဝန်ကြီးဦးဆောင်တဲ့ မြေသြဇာ ကော်မတီအစည်းအဝေးကို ပြုလုပ်ပါတယ်။ မြေသြဇာမှာဆိုရင် တင်သွင်းတဲ့ မြေသြဇာနဲ့ ထုတ်လုပ်တဲ့ မြေသြဇာရှိပါတယ်။ အဲဒီ ၂ မျိုးစလုံးကို ကျွန်မတို့က ထောက်ခံချက်ပေးပြီးမှသာလျှင် ရောင်းချခွင့်ရှိတာပါ”လို့ စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေး ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းလွင်က ပြောပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မြေသြဇာလိုအပ်ချက်ကြောင့် ကုန်ခဲ့တဲ့ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်မှာ ပြည်ပမှ တင်သွင်းတန်ချိန်ဟာ ၂၂ သိန်းကျော်ရှိခဲ့ပြီး အများဆုံးတင်သွင်းတာက နိုက်ထရိုဂျင်ယူရီးယားဓာတ်မြေသြဇာနဲ့ ကွန်ပေါင်းဓာတ်မြေသြဇာတို့ ဖြစ်တယ်လို့ သိရပါတယ်။

**ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် ဆန်အိတ်ရေ ၂၅၀၀ ခန့် တင်ပို့ရောင်းချနေရ

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် တစ်တင်းခွဲ ဆန်အိတ်ရေ ၂၅၀၀ ခန့် တင်ပို့ရောင်းချနေရကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဒေါ်အေးအေးအောင်၏ ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင်များအနေဖြင့် ဒေသထွက်ဆန်နှင့်စပါးများကို ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိရာ တစ်ရက်လျှင် တစ်တင်းခွဲဆန်အိတ်ရေ ၂၅၀၀ ခန့် တင်ပို့ရောင်းချနေရကြောင်း၊ ဧပြီလနှင့်မေလက တစ်ရက်လျှင် တစ်တင်းခွဲဆန်အိတ်ရေ ၁၂၀၀ အထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။ “မော်လမြိုင်ကျွန်းမြို့နယ်ကနေ ဆန်တွေကို ရန်ကုန်မြို့ကို တင်ပို့ရောင်းချတာများပါတယ်။ တစ်တင်းခွဲဆန်အိတ် အမျိုးအစားကို အများဆုံးတင်ပို့ရောင်းချတယ်။ ပုသိမ်မြို့ဘက်ကိုလည်း တင်ပို့ရောင်းချတာရှိတယ်။ ရန်ကုန်မြို့လောက် တော့ ဆန်အိတ်ရေမများပါဘူး။ ရန်ကုန်မြို့ဘက်က ဈေးကောင်းလည်းရသလို တင်ပို့ရောင်းချတဲ့အခါမှာလည်း အခက်အခဲ မရှိ အစစအရာရာအဆင်ပြေတော့ အခုလို တင်ပို့အားတက်လာတာပါ။ ဆန်တွေက အခုဇွန်လ ပထမပတ်လောက်ကစပြီး ဝယ်လိုအား သိသိသာသာကောင်းလာတယ်”ဟု ဒေါ်အေးအေးအောင်က ပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချနေသည့် ဆန်အမျိုးအစားများမှာ ဧရာပဒေသာ၊ ရက် ၉၀၊ ထိုင်းဘေးကျား၊ သီးထပ်၊ မနောသုခ၊ ဆင်းသုခ၊ ကျားပျံ၊ ပေါ်ဆန်းမွှေး၊ လုံးပု စသည့် ဆန်အမျိုး အစားများ ဖြစ်ကြောင်း သိရသည်။

အဆိုပါ တင်ပို့ရောင်းချနေသည့် ဆန်ဈေးနှုန်းများမှာ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ မနောသုခ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀၊ သီးထပ်တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ ထိုင်းဘေးကျားတစ် အိတ်လျှင် ငွေကျပ် ၅၇၀၀၀၊ ဧရာပဒေသာ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၊ ဆင်းသုခ တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၊ ပေါ်ဆန်း မွှေးတစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှင့် ကျားပျံရှယ် တစ်အိတ်လျှင် ငွေကျပ် ၈၇၀၀၀ ဈေးရရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/42336

## ဖိလစ်ပိုင်နိုင်ငံသည် နို့နှင့်နို့ထွက်ပစ္စည်းများအား ပိုမိုတင်သွင်းဖွယ်ရှိကြောင်း UN အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြ

ကမ္ဘာ့ကုလသမဂ္ဂအစီရင်ခံစာပါ ဖော်ပြချက်အရ ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း စားသုံးသူနှင့်စားသောက်ကုန် လုပ်ငန်းထုတ်လုပ်သည့်ကဏ္ဍတွင် လိုအပ်ချက်ပိုမိုများပြားလာနိုင်သည့်အတွက် နို့နှင့်နို့ထွက်ပစ္စည်းများ ပိုမိုတင်သွင်းလာဖွယ် ရှိကြောင်း သိရှိရပါသည်။ ကုလသမဂ္ဂလက်အောက်ခံ Food and Agriculture Organization (FAO) စာရင်းအရ ဖိလစ်ပိုင် နိုင်ငံသည် တစ်နှစ်ထက်တစ်နှစ် နို့ထွက်ပစ္စည်းဝယ်ယူမှုမှာ ၂ ဒသမ ၂ ရာခိုင်နှုန်း၊ တန်ချိန် ၂ ဒသမ ၈ သန်းခန့် တိုးမြင့်လာပြီး ၂၀၂၃ ခုနှစ်တွင် နို့ထွက်ပစ္စည်းတန်ချန် ၂ ဒသမ ၉ သန်းခန့် ဝယ်ယူနိုင်ကြောင်း ဖော်ပြပါရှိပါသည်။

ကမ္ဘာတစ်ဝှမ်းကုန်သွယ်မှုအနေဖြင့် ၂၀၂၃ ခုနှစ်တွင် နို့နှင့်နို့ထွက်ပစ္စည်းကုန်သွယ်မှုတန်ချိန် စုစုပေါင်း ၈၅ သန်းထိ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၂ ခုနှစ်က တန်ချိန် ၈၄ ဒသမ ၆ သန်း တင်သွင်းရာမှ ဝ ဒသမ ၅ ရာခိုင်နှုန်းထိ အနည်းငယ်တိုးမြင့်လာခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဖိလစ်ပိုင်၊ ဆော်ဒီအာရေးဘီးယား၊ အင်ဒိုနီးရှား၊ ဩစတြေးလျ၊ မက္ကဆီကိုနှင့်အယ်ဂျီးရီးယားတို့တွင် နို့နှင့်နို့ထွက်ပစ္စည်းပြည်တွင်းဝယ်လိုအားမှာ ပြည်တွင်းမှ ကုန်ပစ္စည်းရရှိနိုင်မှုနှင့် ရောင်းချပေးနိုင်မှုအလားအလာထက် ပိုမိုမြင့်တက်လာသဖြင့်ပြည်ပမှ ပိုမိုတင်သွင်းနေခြင်းဖြစ်ကြောင်း FAO မှ ပြောကြားခဲ့ပါသည်။

အမေရိကန်အလယ်ပိုင်း၊ မြောက်အာဖရိက၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများမှ နို့ထွက်ပစ္စည်းများဝယ်ယူတင်သွင်းမှု မြင့်တက်လာခြင်းသည် ကမ္ဘာ့အကြီးဆုံး နို့ထွက်ပစ္စည်းတင်သွင်းသည့်နိုင်ငံများဖြစ်သော ဗီယက်နမ်၊ မလေးရှား၊ အီးယူနှင့်တရုတ်နိုင်ငံများအတွက် ဝယ်ယူတင်သွင်းမှု အားလျော့နည်းသွားစေသည့်အတွက် အပြန်အလှန်ကာမိသွားစေနိုင်ကြောင်း ဖော်ပြပါရှိပါသည်။

အစားအသောက်နှင့် မုန့်ဖုတ်သည့်လုပ်ငန်းများမှ ဝယ်လိုအားမြင့်တက်လာခြင်း၊ အစားအသောက်များရောင်းချသည့်လုပ်ငန်းများအား ချဲ့ထွင်လာခြင်းတို့ကြောင့် နို့နှင့်နို့ထွက်ပစ္စည်းတင်သွင်းမှု တိုးမြင့်လာခြင်းနှင့်အတူ ပြည်တွင်းမှထုတ်လုပ်ရောင်းချနိုင်သည့် လက်ကျန်ကုန်ပစ္စည်း မြင့်တက်လာမှသာ လိုအပ်ချက်ပမာဏအတွက် ကာမိနိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

**Source:**https://business.inquirer.net/407188/ph-seen-importing-more-milk-other-dairy-products?utm_source=vuukle&utm medium=talk_of_town

**(စီးပွားရေးသံမှူး၊ မနီလာမြို့)**

https://myantrade.gov.mm/article/Naypyitawstp_270620231135

## အင်ဒိုနီးရှားနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က နှစ်နိုင်ငံအစိုးရသဘောတူညီချက်များမှတဆင့် ထိုင်းဆန်ဝယ်ယူရန် စိတ်ဝင်စားလာမှုကြောင့် ထိုင်းဆန်ဝယ်လိုအား မြင့်တက်နေဆဲဖြစ်

အင်ဒိုနီးရှားနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် နိုင်ငံအများအပြားစုက ထိုင်းဆန်များကို နှစ်နိုင်ငံ သဘောတူညီချက်များမှတဆင့် ဝယ်ယူရန် စိတ်ဝင်စားလာသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ထိုင်းဆန်ဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ဆန်တန်ချိန် ၈ သန်းကျော် တင်ပို့သွားနိုင်မည်ဖြစ်ကြောင်း ပြည်ပကုန်သွယ်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr. Ronnarong Phoolpipat က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံနှင့် အရေးကြီးသောကုန်သွယ်ရေး မိတ်ဖက်များအကြား ဆက်သွယ်မှု ခိုင်မာစေရေးအတွက် စေ့စပ်ဆွေးနွေးရန် အစိုးရနှင့်ပုဂ္ဂလိကမှ ကိုယ်စားလှယ်များအား ဇူလိုင်လတွင် ဖိလစ်ပိုင်သို့လည်းကောင်း၊ ဩဂုတ်လတွင် မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများသို့လည်းကောင်း စေလွှတ်သွားရန် စီစဉ်ထားပါကြောင်း၊ အယ်လ်နီနိုရာသီဥတုဖြစ်စဉ်များ၏ သက်ရောက်မှုအပေါ် ပူပန်မှုမြင့်တက်လာသည်နှင့်အမျှ အင်ဒိုနီးရှားက ပြည်တွင်းစားသုံးမှု မပြတ်တောက်စေရေးအတွက် ထိုင်းဆန်တင်သွင်းမှုကို မြှင့်တင်လိုကြောင်း ၎င်းကဆိုပါသည်။

အင်ဒိုနီးရှားက နှစ်နိုင်ငံအစိုးရအကြား သဘောတူညီချက်များမှတစ်ဆင့် ထိုင်းဆန်ဝယ်ယူရန် စိတ်ဝင်စားပါကြောင်း၊ ထိုင်းနိုင်ငံအစိုးရအနေဖြင့် ပုဂ္ဂလိကပါဝင်မှုကို ဦးစားပေးသဖြင့် ဆန်ကို ယင်းနည်းလမ်းမှတစ်ဆင့်ရောင်းချရန် မူဝါဒမရှိသေးပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း G 2 G ကို စိတ်ဝင်စားပါကြောင်း အခြေအနေကို ဖြည့်စွက်ရှင်းလင်းပါသည်။

ထိုင်းဆန်နှင့်ထိုင်း Hom Mali ဆန်များ၏ အရောင်းမြှင့်တင်ရေးအပြင် သက်သေခံအမှတ်အသားများနှင့်စပ်လျဉ်း၍ Mr. Ronnarong ၏ ဇွန် ၁၁ ရက်မှ ၁၅ ရက်အတွင်း ဟောင်ကောင်နှင့်ပေကျင်းတို့သို့ သွားရောက်ခဲ့သည့်ခရီးစဉ်တွင် ထိုင်းဆန်၏ အရည်အသွေးနှင့် စံနှုန်းများကို ရှင်းလင်းခဲ့ပါကြောင်း၊ ထိုင်းဆန်တင်ပို့သူများအသင်း၏ ကိုယ်စားလှယ်များကလည်း လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့်တင်သွင်းခြင်းတို့တွင် ပါဝင်ဆောင်ရွက်သွားရန် တရုတ်အစိုးရပိုင်အဖွဲ့အစည်းဖြစ်သည့် Cofco Corporation နှင့် ဆွေးနွေးခဲ့ပါကြောင်း Mr. Ronnarong က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံသည် တရုတ်သို့ နှစ်စဉ်ဆန်ဖြူနှင့် Hom Mali အပါအဝင် ဆန်တန်ချိန် ၆၀၀,၀၀၀ မှ ၇၀၀,၀၀၀ တင်ပို့ပါကြောင်း၊ ဟောင်ကောင်က Hom Mali အပါအဝင် တန်ချိန် ၁၇၀,၀၀၀ မှ ၁၈၈,၀၀၀ တင်သွင်းသဖြင့် ထိုင်း Hom Mali ဆန်အတွက် နံပါတ် ၁ နိုင်ငံခြားဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ဆန်ဈေးကွက်၏ ၆၀ ရာခိုင်နှုန်းကို ဟောင်ကောင်တွင် ဈေးကွက်လွှမ်းမိုးမှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုနှစ် ပထမ ၅ လအတွင်း ဆန်တန်ချိန် ၃.၄၇ သန်းတင်ပို့ပြီးဖြစ်ကြောင်း Mr.Ronnarong ၏ ပြောကြားချက်အရ သိရှိရပါသည်။

**Source:** **www.bangkokpost.gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_260620230400

## ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ဆန်မျိုးကွဲ ၃၀ ရောင်းချမည်



ထိုင်းနိုင်ငံသည် ပို့ကုန်ဆန်များအတွက် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်လုပ်ဆောင်နေပြီး ဈေးကွက်မှလိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စပါးမျိုးသစ်များ စိုက်ပျိုးထုတ်လုပ်နိုင်စေဖို့ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Jurin Laksanawisit က ထိုင်းနိုင်ငံ၏ အားနည်းချက်တစ်ခုမှာ ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်အမျိုးအမည် အမျိုးမျိုးဖြင့် ရောင်းချနိုင်ဖို့ လိုအပ်နေခြင်းဖြစ်သည်ဟု ပြောကြားသည်။ ပြိုင်ဘက်များနှင့်ယှဉ်ပြိုင်ရန် ဆန်မျိုးကွဲအသစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် လုပ်ဆောင်ရန် တွန်းအားပေးဆောင်ရွက်သွားမည်ဟု ၎င်းကပြောကြားသည်။

ဝန်ကြီးဌာနသည် ပို့ကုန်ဆန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်အတွက် ၂၀၂၀ မှ ၂၀၂၄ ခုနှစ်အထိ ငါးနှစ်စီမံကိန်းအရ ၂၀၂၄ ခုနှစ်တွင် စီးပွားဖြစ်ဆန်သစ် ၁၂ မျိုး ဖွံ့ဖြိုးထုတ်လုပ်ရန် အစောပိုင်းက ရည်မှန်းထားသည်။ မျိုးကွဲ ၁၂ မျိုးတွင် ၄ မျိုးမှာ ဆန်သားမာသည်။ နောက်ထပ် ၄ မျိုးသည် ဆန်သားပျော့သည်။ ဆန်မွှေး ၂ မျိုးနှင့် အဟာရပါဝင်မှု မြင့်မားသည့်ဆန် ၂ မျိုးတို့ ပါဝင်သည်။ ကမ္ဘာ့ဆန်စားသုံးသူများအကြား လူကြိုက်များမည့် ဆန်အမျိုးအစားများဖြစ်သည်။ ၅ နှစ်စီမံကိန်းအရ ယခုအခါ ဆန်အမျိုးအစားအသစ် ၂၁ မျိုး ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်သည်။

Mr Jurin ၏ အဆိုအရ ထိုင်းနိုင်ငံသည် ယမန်နှစ်တွင် ဆန်တန်ချိန် ၇ ဒသမ ၇ သန်း တင်ပို့ခဲ့သည်။ ယခုနှစ်တွင် တင်ပို့မှုပမာဏမှာ တန်ချိန် ၈ သန်းကျော်ရှိမည်ဟု မျှော်မှန်းထားသည်။ ဆန်စပါးမျိုးကွဲများ တိုးမြင့်လာခြင်းက ပို့ကုန်စွမ်းဆောင်ရည် တိုးတက်လာအောင် ကျေးဇူးပြုပေးမည်ဖြစ်သည်။ ယမန်နှစ်က ထိုင်းနိုင်ငံသည် ဗီယက်နမ်နိုင်ငံကို ကျော်တက်ပြီး ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်လာခဲ့သည်။ ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံက ဆန်တင်ပို့မှုလျှော့ချသွားမည့်မူဝါဒကို အကောင်အထည်ဖော်လျက်ရှိရာ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့် နိုင်ငံအဖြစ်ကို ထပ်မံရရှိနိုင်သည်။ ယခုနှစ် ပထမခြောက်လအတွင်း ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၄ သန်း တင်ပို့ခဲ့သည်။ ဒုတိယနှစ်ဝက်တွင်လည်း ဆန်တန်ချိန် ၄ သန်း တင်ပို့နိုင်မည်ဟု မျှော်မှန်းထားသည်။

**Source: https://www.foodindustrydirectory.com.mm**

**Category:** **International News**

https://myantrade.gov.mm/article/naypyitaw_26062023_147

# STOCK EXCHANGE (27.6.2023)

YANGON
STOCK EXCHANGE

Search...

Home About YSX Main Board (MB) Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 27th Jun. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,604 (Shares) | 21,828,200 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 10 | 80,000 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,088 | 3,155,200 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 189 | 1,360,800 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 1,087 | 1,630,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 2,500 | +50 | +2.04% | 2,500 | 2,500 | 2,500 | 1 | 2,500 | 19,977,223 | 49,943 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 229 | 1,099,200 | 10,497,598 | 50,389 |

YANGON
STOCK EXCHANGE

Search...

Home About YSX Main Board (MB) Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 27th Jun. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.91 | -0.03 | -0.01% | 357.51 | 357.51 | 356.91 | 2,604 | 7,328,200 | 7 | 628,906 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 27th Jun. 2023

| Trading Volume | Trading Value |
|---|---|
| 12,604 (Shares) | 21,828,200 (MMK) |

## Main Board

As of 1:00 pm, 27th Jun. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 12,604 (Shares) | 21,828,200 (MMK) |

| MYANPIX | 356.91 ▼ 0.03 |
|---|---|
| Total Volume (shares) | 2,604 |
| Total Value (MMK) | 7 mil |
| Listed Company | 7 |
| Market Cap. (MMK) | 628,906 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,500 | ▲ 50 |
| AMATA | 00007 | 4,800 | ▼ 100 |